မေလ ၂၀၁၃

# ပေးကမ်းပါ။ ဘုရားသခင်သင်တို့ကို ပြန်ပေးလိမ့်မယ်။

'ပေးကမ်းကြလော့၊ ထိုအခါ သင်တို့ကိုလည်း ပေးကမ်းကြလိမ့်မည်။ လှုပ်ခါ၍ ဖိသိပ်ထည့်ထားပြီး ပြည့်လျှံနေသည့် ကောင်းသောပမာဏကို သင်တို့၏ရင်ခွင်ထဲသို့ ထည့်ပေးကြလိမ့်မည်။ '' (ရှင်လုကာ ၆း၃၈)

သခင်ယေရှုက သူ့ရဲ့တစ်ပည့်တော်တွေကို 'ပေးကမ်းပါ။ ဘုရားသခင် သင်တို့ကိုပြန်ပေးလိမ့်မယ်။' လို့ပြောခဲ့တယ်။ ကယားရာနဲ့သူ့ရဲ့ပထမအဖော်မွန်တွေလည်း အဲဒီအတိုင်း နေထိုင်ခဲ့ကြတယ်။



တစ်ညနေခင်းမှာ ကယားရာနေတဲ့အိမ်မှာ ခေါင်းလောင်းလေးမြည်လာတယ်။ စိတ်ပင်ပန်းဆင်းရဲနေတဲ့လူတစ်ယောက်ဖြစ်နေပြီး ' အခန်းခမပေးရင် သူတို့ အခန်းအပြင်ကို နှင်ထုတ်တော့မယ် ' လို့လာပြောတယ်။



ကယားရာနဲ့သူ့အဖော်က တစ်ယောက်ကိုတစ်ယောက်ကြည့်ကြပြီး လစာထည့်ထားတဲ့အံဆွဲကို သွားဖွင့်ကြတယ်။ နှောင့်နှေးခြင်းမရှိဘဲ သူတို့ရှိတာတွေအကုန်ပေးလိုက်တယ်။ အဲညမှာ သူတို့အရမ်းပျော်ကြတယ်။ သခင်ယေရှု သူတို့ကိုစောင့်ရှောက်လိမ့်မယ်ဆိုတာ သူတို့သိကြတယ်။



နောက်တစ်နေ့မှာ လူကြီးက ပြန်လာပြီး ' ငါ့အမွေရလို့၊ တစ်ဝက်ကို ဝေမျှချင်စိတ်ဖြစ်လာတာပါ ' သူ့ကိုပေးခဲ့တာရဲ့ နှစ်ဆဖြစ်နေပါတယ်။




ပေါ်လန်က ဂျန်နဲ့တွန် တို့က ခရစ္စမတ်ကို စောင့်မျှော်နေကြတယ်။ သူတို့ရထားတဲ့ မုန့်ဖိုးလေးနဲ့လေ့ရှုပ်လေးတွေဝယ်ပြီး သူတို့အိမ်နားက တူးမြောင်းမှာ သွားမျောမှာဖြစ်တယ်။



အဲဒီညမှာ တီဗီကြည့်ရင်း တခြားနိုင်ငံက ဆင်းရဲတဲ့ကလေးတွေအကြောင်း သူတို့ကြည့်ရတယ်။ ဂျန်နဲ့တွန်တို့က အချင်းချင်းမေးကြတယ်။ 'ငါတို့ဆုထားတဲ့ပိုက်ဆံကိုပေးလိုက်ကြမလား' သူတို့ပေးကြဖို့ ဆုံးဖြတ်ကြတယ်။



ခရစ္စမတ်ရောက်လာတော့ သူတို့အဖေရဲ့သူငယ်ချင်းက သူတို့ဆီလာလည်တယ်။ အထုပ်ကြီးကြီး တစ်ထုပ်ယူလာတယ်။ အဲဒီထဲမှာ လှေအစစ်တစ်စင်းပါပြီး သူတို့နဲ့သူတို့အဖေအတူတူစီးလို့ ဆုံပြီး မမြုပ်နိုင်တဲ့လှေဖြစ်နေပါတယ်။